# စာရေးသူ၏အမှာစာ

ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း(ပထမမြန်မာနိုင်ငံတော်)ကို ၂၀၁၄ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် 'သုတစွယ်စုံ' ဆု ချီးမြှင့်ခံရပါသည်။ စွမ်းရည်ထက်မြက်သော ရှေးမြန်မာမင်းများသည် ယနေ့ စံထားရသော ခေါင်းဆောင်မှုအရည်အသွေးများနှင့် ပြည့်ဝနေသည်ကို ကမ္ဘာကသိစေလို၍ ၂၀၁၅ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် "A Study of the Leadership Skills of Ancient Myanmar Monarchs (The First Myanmar Proper)" ကို ထုတ်ဝေခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် 'ဆရာဝန်တင်ရွှေ' ဆု ချီးမြှင့်ခံရပါသည်။ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း (ဒုတိယမြန်မာနိုင်ငံတော်)ကို ၂၀၁၆ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။ "A Study of the Leadership Skills of Ancient Myanmar Monarchs (The Second Myanmar Proper)" ကို အင်္ဂလိပ်ဘာသာဖြင့် ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း (တတိယမြန်မာနိုင်ငံတော်) ကို ၅ နှစ်ကြာ အချိန်ယူပြီး ရေးသားခဲ့ရပါသည်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်ပေါင်းမြောက်မြားစွာကို အချိန်ယူပြီး ဖတ်ရှုလေ့လာရသဖြင့် နှစ်ကြာမြင့်သွားရခြင်းဖြစ်ပါသည်။ စာရေးသူသည် သမိုင်းသုတေသီမဟုတ်ပါ။ ရာဇဝင်၊ သမိုင်းထဲက ခေါင်းဆောင်မှုပညာကို အစဉ်တစိုက် လေ့လာနေသူတစ်ဦးသာ ဖြစ်ပါသည်။ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးများကို မှန်ကန်စွာ ဆန်းစစ်နိုင်ရန် စာအုပ်ပေါင်းများစွာကိုဖတ်ရှု ကိုးကားရပါသည်။ အဖြစ်အပျက်အကြောင်းခြင်းရာများကို မူရင်းစာအုပ်ပါအတိုင်း နေရာများများတွင်ပြန်လည်ဖော်ပြထားပါသည်။ အခန်းတိုင်း၏ အဆုံးတွင် တင်ပြထားသော ဆန်းစစ်ချက်များသည် စာရေးသူ၏ လေ့လာတွေ့ရှိချက်များ ဖြစ်ပါသည်။

စွမ်းရည်ထက်မြက်ပြီး လက်ရုံးရည်၊ နှလုံးရည်ကောင်းသော မင်းများဦးဆောင်သည့် အချိန်ကာလများတွင် မြန်မာနိုင်ငံတော်သည် စည်ပင်ဝပြောခြင်း၊ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ သာသနာထွန်းကားခြင်း၊ အိမ်နီးချင်းနိုင်ငံများအပေါ်တွင် ဩဇာညောင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။ အရည်အချင်းမပြည့်ဝသည့်မင်းများလက်ထက်တွင်မူ နိုင်ငံတော်အပေါ် ရန်သူများ ကျူးကျော်ဝင်ရောက်ခြင်း၊ နိုင်ငံတော်ပြိုကွဲပျက်စီးခြင်း၊ သူ့ကျွန်ဘဝရောက်ခြင်းတို့အထိ ဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်ပါသည်။

အတွေ့အကြုံနှင့် အမှားများက သင်ခန်းစာယူ၍ရသည်ဟု ဆိုကြသော်လည်း၊ အတွေ့အကြုံနှင့် အမှားများကို လေ့လာဆန်းစစ်မှု၊ တွေးတောမှု၊ ခေတ်အခြေအနေများနှင့်နှိုင်းယှဉ်သုံးသပ်မှုတို့ရှိမှသာ သင်ခန်းစာရမည်ဖြစ်ပါသည်။ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း(တတိယမြန်မာနိုင်ငံတော်)ကိုဖတ်ရှုလေ့လာသည့်အတွက် အတွေးများ၊ သင်ခန်းစာများ၊ စွမ်းရည်ထက်သည့် ခေါင်းဆောင်မှုပညာများကို စာဖတ်သူတို့ ရရှိမည်ဆိုလျှင် ကြိုးစားရကျိုးနပ်ပါပြီ။